participatory village development plan

VDP

ထန်းပင်ကွင်းကျေးရွာ

လပွတ္တာမြို့နယ်

# ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း

# ( ၂၀၂၅-၂၀၂၉)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ
ထန်းပင်ကွင်းကျေးရွာ၊ လပွတ္တာမြို့နယ်
( သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကူညီရေးဆွဲသည် )

၂၀၂၄ ခုနှစ်၊ ဇူလိုင်လ

စကားချီး ၂

ထန်းပင်ကွင်းကျေးရွာသယံဇာတပြမြေပုံ ၄

ထန်းပင်ကွင်းကျေးရွာရာသီခွင်ပြမြေပုံ ၅

ထန်းပင်ကွင်းကျေးရွာ(Venn Diagram)အဖွဲ့အစည်းပြမြေပုံ ၆

၁။ တည်နေရာနှင့် ပထဝီဝင် အနေအထား ၈

၂။ ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ ၈

၃။ ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ ၈

၄။ စီးပွားရေးနှင့် အသက်မွေးမှုအခြေအနေ ၉

(က) သီးနှံစိုက်ပျိုးရေး ၉

(ခ) မွေးမြူရေးလုပ်ငန်း ၁၀

(ဂ) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ ၁၀

(ဃ) ဘဏ်နှင့် ငွေကြေးဆိုင်ရာဝန်ဆောင်မှု ၁၀

၅။ အခြေခံအဆောက်အအုံနှင့် ဝန်ဆောင်မှုများ ၁၁

(က) ကျေးလက်သယ်ယူပို့ဆောင်ရေး ၁၁

(ခ) ကျေးရွာမီးလင်းရေး ၁၁

(ဂ) သတင်းနှင့် ဆက်သွယ်ရေး ၁၁

၆။ ပညာရေး ၁၁

၇။ ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး ၁၂

၈။ ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး ၁၂

၉။ ကျား- မ ရေးရာ ကိစ္စရပ်ဆိုင်ရာ ၁၃

၁၀။ ထန်းပင်ကွင်းကျေးရွာ ဦးစားပေးဆောင်ရွက်မည့် အဆိုပြု စီမံချက်လုပ်ငန်းများ ၁၄

စီမံချက် အဆိုပြုလွှာ ၁၆

ထန်းပင်ကွင်းကျေးရွာ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းစီမံကိန်းကော်မတီဝင်များစာရင်း ၂၀

ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ ၂၁

ကျေးရွာဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှု အခြေပြဇယား ၇၂

## စကားချီး

ဤကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းသည် ၂၀၂၄ -၂၀၂၅ ဘဏ္ဍာရေးနှစ် မှ ၂၀၂၈-၂၀၂၉ ခုနှစ် အထိ (၅)နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ ကျေးရွာ၏ ပထမဦးဆုံးသော လူထုအများစုပေါင်း ပါဝင်ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်းဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံကိန်းဖြစ် မြောက်ရေးအတွက် လိုအပ်သော နည်းပညာများ ပံ့ပိုးပေးသော သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင်ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွ ပံ့ပိုးပေးသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာ ဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိပါသသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင် ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ်ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများ စနစ်တကျ ပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံး၊ လုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့ အချင်းချင်းတိုင်ပင်ဆွေးနွေးညှိနှိုင်း အဖြေရှာကြရာတွင် သင်တန်းလုပ်ဆောင် ပေးရုံသာမကာ နည်းပေးလမ်းပြ ကူညီပံ့ပိုးပေးသည့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ဝန်ထမ်းများက စီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲရာတွင် ကိန်းဂဏာန်းနှင့် သတင်းအချက်အလက်တို့၏ အရေး ပါမှုကို သိရှိရုံ သာမက ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏာန်းအချက်အလက် ရရှိနိုင်သော နေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင်ထပ်မံလိုအပ်သော ကိန်းဂဏန်း၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့်ဌာနဆိုင်ရာများမှ ရယူရန်လိုအပ် ကြောင်းကိုလည်း ကောင်းစွာ သိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသော အစီအစဉ်ကို ထပ်မံရရှိသည့် ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာ သေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့် လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်မှု တစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက်လာသည့် အခက်အခဲများနှင့် ဦးစားပေး ရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို မူဘောင်အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင်သွား ရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက် နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ မြို့နယ်အဆင့်တွင်လည်း

အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနစသည့် သက်ဆိုင်ရာ ဦးစီးဌာန အသီးသီး တို့၏ ဆက်လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့ မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးဆိုင်ရာ အားထုတ်မှု အခြေအနေများကို ဆန်း စစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤအစီအစဉ်တွင် အဓိကအားဖြင့် ကျေးရွာ၏ လက်ရှိဖွံ့ဖြိုးရေး အခြေအနေ၊ ဦးစားပေး ဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ နှစ်စဉ် ဦးစားပေးစီမံချက် အဆိုပြုလွှာ၊ ကျေးရွာဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှု အခြေပြုဇယား စသည်တို့ကို အဓိကထား ဖော်ပြထားပါသည်။

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းကော်မတီ
ထန်းပင်ကွင်းကျေးရွာ
လပွတ္တာမြို့နယ်

## ထန်းပင်ကွင်းကျေးရွာသယံဇာတပြမြေပုံ



# ထန်းပင်ကွင်းကျေးရွာရာသီခွင်ပြမြေပုံ

| အကြောင်းအရာ | တန်ခူး | ကဆုန် | နယုန် | ဝါဆို | ဝါခေါင် | တော်သလင်း | သီတင်းကျွတ် | တန်ဆောင်မုန်း | နတ်တော် | ပြာသို | တပို့တွဲ | တပေါင်း |
|---|---|---|---|---|---|---|---|---|---|---|---|---|
| အလုပ်အကိုင် | နည်း | နည်း | သင့် | များ | များ | များ | သင့် | သင့် | သင့် | များ | နည်း | နည်း |
| မိသားစုဝင်ငွေ | နည်း | နည်း | သင့် | များ | များ | များ | သင့် | သင့် | သင့် | များ | နည်း | နည်း |
| အသုံးစရိတ် | များ | နည်း | နည်း | နည်း | နည်း | နည်း | များ | များ | နည်း | နည်း | နည်း | နည်း |
| ချေးငွေလိုအပ်မှု | ✓ | ✓ | ✓ | - | - | - | - | - | - | ✓ | ✓ | ✓ |
| ဝမ်းစာဖူလုံမှု | ✓ | - | - | ✓ | ✓ | ✓ | ✓ | ✓ | - | - | - | - |
| တိရစ္ဆာန် အစားအစာရရှိမှု | ✓ | ✓ | - | ✓ | - | ✓ | ✓ | ✓ | ✓ | - | - | - |
| တိရစ္ဆာန် ရောဂါကျဆင်းမှု | - | - | - | - | ✓ | ✓ | - | - | - | - | - | - |
| ကျန်းမာရေး အခြေအနေ | - | - | - | ✓ | ✓ | ✓ | ✓ | ✓ | ✓ | - | - | - |
| သီးနှံပိုးမွှားကျရောက်မှု | - | - | - | ✓ | - | ✓ | ✓ | - | - | - | - | ✓ |
| ပွဲတော် | သင်္ကြန် | - | - | - | - | - | မီးထွန်းပွဲ | ကထိန် | - | - | - | - |
| သဘာဝဘေး ကျရောက်မှု | - | - | - | ✓ | - | - | - | - | - | - | - | - |
| ရာသီဥတု |  |  |  |  |  |  |  |  |  |  |  |  |

## ထန်းပင်ကွင်းကျေးရွာ(Venn Diagram)အဖွဲ့အစည်းပြမြေပုံ



# အပိုင်း  (က)

# ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေနှင့် ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ

## ၁။ တည်နေရာနှင့် ပထဝီဝင် အနေအထား

ထန်းပင်ကွင်းကျေးရွာသည် ဧရာဝတီတိုင်းဒေသကြီး၊ လပွတ္တာခရိုင်၊ လပွတ္တာမြို့နယ်၊ ကြိမ်ကွင်းအုပ်စုတွင် တည်ရှိပါသည်။ ထန်းပင်ကွင်းကျေးရွာ၏ ရွာလမ်းများသည် များသောအားဖြင့် ကွန်ကရစ်လမ်းနှင့် မြေသားလမ်း ဖြစ်ကြပြီး တစ်ချို့လမ်းကြား လမ်းသွယ်များသည် မြေသားလမ်းများ ဖြစ်ကြသည်။ ရွာတွင်းလမ်း၏ စုစုပေါင်း အရှည်မှာ(၃၂၀၀)ပေခန့်ရှိပါသည်။ ထန်းပင်ကွင်းကျေးရွာ၏ အရှေ့ဘက်တွင် သရက်ပင်ကွင်းကျေးရွာ ၊အနောက်ဘက်တွင် ချောင်းတာကြီးကျေးရွာ၊ ကျေးရွာ၏ တောင်ဘက်တွင် ကွန်ထော်ကျေးရွာ ၊မြောက်ဘက်တွင် ပိုင်းကနာမြစ်တည်ရှိပြီး ကြားတွင် လယ်ကွင်းများ တည်ရှိပါသည်။

## ၂။ ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ

နှစ်စဉ်မိုးရေချိန်လက်မမှာ (၈၀)ခန့်ဖြစ်ပြီး နှစ်စဉ် ပျမ်းမျှ နေပူချိန် (၃၂ °C) အထက်ရရှိသည်။ ကျေးရွာတွင် ဖေဖော်ဝါရီလ၊ မတ်လ၊ ဧပြီလများတွင် နေပူရှိန်ပူပြင်း၍ ဇွန်လ၊ ဇူလိုင်လ၊ ဩဂုတ်လ၊ စက်တင်ဘာလများတွင် မိုးများသောကြောင့် မိုးရေချိန်မြင့်မားလေ့ရှိပါသည်။ မိုးရေချိန်မြင့်မားချိန်တွင် ကျေးရွာရှိ တောင်သူ လယ်သမား အချို့မှာ သီးနှံစိုက်ခင်းများ ပျက်ဆီးလေ့ရှိပါသည်။ လယ်ယာမြေများမှ မြေဩဇာအခြေ အနေမှာ အသင့်အတင့် ကောင်းမွန်ပါသည်။ မိုးစပါးသီးနှံ စိုက်ပျိုးနိုင်သော လယ်ကေပေါင်း (၁၁၅)ကေရှိ ပြီး တစ်ချို့သော တောင်သူများမှာ တစ်ပိုင်တစ်နိုင် ရာသီပေါ်သီးနှံများ လုပ်ကိုင်စိုက်ပျိုးသည့် ဥယျာဉ်ခြံ အနည်းငယ် ပိုင်ဆိုင်ကြပါသည်။

## ၃။ ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ

ထန်းပင်ကွင်းကျေးရွာအတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများတွင် ကျေးရွာတွင် အုပ်ချုပ်ရေးအဖွဲ့မှာ အမျိုးသား (၅)ဦးနှင့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း ကော်မတီတွင် အမျိုးသား (၄)ဦး၊ အမျိုးသမီး (၃)ဦး သည်ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းများကို စည်းရုံးလုပ်ဆောင်ပါသည်။ ကျောင်းအကျိုးဆောင်အဖွဲ့တွင် အမျိုးသား (၂)ဦး၊ အမျိုးသမီး (၅)ဦး သည် ကျေးရွာစာသင်ကျောင်းရှိ ဆရာ/မများနှင့် ပူးပေါင်း၍ ကျေးရွာ၏ ပညာရေးကဏ္ဍတိုးတက်လာစေရေးအတွက် လုပ်ဆောင်လျှက်ရှိပါသည်။ ဂေါပကအဖွဲ့တွင် အမျိုးသား (၅)ဦး၊ အမျိုးသမီး (၄)ဦး တို့သည် ကျေးရွာ၏ ဘာသာရေးလုပ်ငန်းများနှင့်

သာသနာတိုးတက်ပြန့်ပွားအောင်ဆောင်ရွက်လျှက်ရှိပါသည်။ ကျေးရွာတွင်း ကိစ္စကြီးငယ် ပေါ်ပေါက်လျှင် ရွာသူ/သားများမှ စည်းလုံးညီညွတ်စွာ ဝိုင်းဝန်းဆောင်ရွက် ပေးကြသော အလေ့အကျင့်ကောင်းများ ရှိပါသည်။ ထန်းပင်ကွင်းကျေးရွာတွင် ပြင်ပအဖွဲ့အစည်းများလည်း ရှိပါသည်။ ၎င်းပြင်ပ အဖွဲ့အစည်းများမှာ စိုက်ပျိုးရေးချေးငွေ၊ ပညာရေးချေးငွေ၊ ကျန်းမာရေးချေး ငွေ စသောခေါင်းစဉ်များဖြင့် ချေးယူသုံးစွဲကြပါသည်။ ထိုအဖွဲ့များမှ ချေးငွေနှင့် ပတ်သက်သည့်များ မှ ကျေးရွာလူထုအတွက် အသင့်အတင့် အဆင်ပြေကြောင်း တွေ့ရှိရပါသည်။

## ၄။ စီးပွားရေးနှင့် အသက်မွေးမှုအခြေအနေ

### (က) သီးနှံစိုက်ပျိုးရေး

ထန်းပင်ကွင်းကျေးရွာ၏ အဓိကဝင်ငွေမှာ လယ်ယာစိုက်ပျိုးရေးနှင့် ရေလုပ်ငန်း ဖြစ်သောကြောင့် မြေဆီလွှာ အရည်အသွေးအားဖြင့် အသင့်အတင့်ရှိသော ကျေးရွာဖြစ်၍ လယ်ကေပိုင်ဆိုင်မှု မှာ (၁၁၅)ကေ၊ ဥယာဉ်ခြံ (၁၀)ကေရှိပါသည်။ ထန်းပင်ကွင်း ကျေးရွာ၏ မြေကေ ပိုင်ဆိုင်မှုမှာ အများဆုံး (၃၀)ကေဖြစ်ပြီး အနည်းဆုံး (၄)ကေခန့်ပိုင်ဆိုင်ကြပြီး မြေယာမဲ့ အိမ်ထောင်စုများလည်း ရှိပါသည်။ ၎င်းတို့မှာ နေ့စားကျပန်း၊ရေလုပ်ငန်း၊ အရောင်းအဝယ်နှင့် ပြည်တွင်းသို့ သွားရောက် လုပ်ကိုင်ကြသည်ကို တွေ့ရပါသည်။ ကျေးရွာ၏ စပါးစိုက်ကေ (၁၁၅)ကေ အားလုံးအတွက် ရေအရင်းအမြစ်ကို ဆည်မြောင်းဦးစီးဌာနမှ တည်ဆောက်ပေးထားသော ပတ်တာအတွင်း မိုးရေခံ၍ ရေလွှဲဆည်မှ အလျှော့အတင့်ပြုလုပ်၍ သုံးစွဲပါသည်။ ၎င်းပတ်တာအတွင်းရှိ ရေအရင်းအမြစ်များ သည် မိုးရာသီကုန်ဆုံးချိန်မှာ အငန်ဓာတ်ဝင်၍ နွေစပါးစိုက်ပျိုးမရရှိဘဲ မိုးစပါး တစ်မျိုးသာလျှင် စိုက်ပျိုးရပါသည်။ မိုးစပါးတစ်မျိုးတည်း သာစိုက်ပျိုးပြီး တစ်ကေ ပျှမ်းမျှအထွက်နှုန်းမှာ (၄၅)တင်းခန့် သာထွက်ရှိပါသည်။ စိုက်ပျိုးရေး အခက်အခဲကြောင့် နွေစပါး၊ ဆောင်းစပါး မစိုက်ပျိုး နိုင်ကြောင်းတွေ့ရှိရပါသည်။ ကျေးရွာ၏ စိုက်ပျိုးကိရိယာ ပိုင်ဆိုင်မှုမှာ ထွန်စက်(-)စီး၊ လက်တွန်းထွန်စက်(၅)စီး၊ ချွေလှေ့စက် (-)စီး၊ မြက်ရိတ်စက် (၄)စီး ၊ ရေတင်စက် (-)စီး ရှိကြောင်းတွေ့ရပါသည်။ တစ်ချို့လယ်သမားများသည် စိုက်ပျိုးရေးသုံး စက်ပစ္စည်းများကို ငှားရမ်းအသုံးပြု လုပ်ကိုင်ကြပါသည်။ ရေလုပ်ငန်းလုပ်ကိုင်ကြသူများ၏ ပိုင်ဆိုင်မှုမှာ စက်လှေ (၂၄)စီး၊ လှေ (၁)စီး အသီးသီး ပိုင်ဆိုင်ကြပါသည်။ ၎င်းအပြင် ငါးဖမ်းပိုက်၊ ကမ်းဝိုင်းပိုက်များကိုလည်း ပိုင်ဆိုင်ကြပြီး အသက်မွေးဝမ်း ကြောင်း အထောက်အကူပြု ပစ္စည်းများ ဖြစ်ပါသည်။ ကျေးရွာရှိ အမျိုးသမီးအများစုသည် အခြားဝင်ငွေရ လုပ်ငန်းအနေဖြင့် ကြက်၊ ဝက်၊ ဘဲ ၊ ဆိတ်များ

မွေးမြူကြပါသည်။ တစ်ချို့သော အမျိုးသမီးများသည် ခေါင်းရွက်ဗျက်ထိုး ဈေးရောင်းခြင်း၊ စက်ချုပ်လုပ်ငန်း လုပ်ကိုင်ခြင်းနှင့် ကုန်စုံရောင်းသော အိမ်ထောင်စုများ လုပ်ကိုင်ကြပါသည်။ အစိုးရဝန်ထမ်း/ကုမ္ပဏီများတွင် လုပ်သူများလည်း ရှိကြပါသည်။ တစ်ချို့သော အိမ်ထောင်စုများမှာ ရန်ကုန်မြို့၊ မန္တလေးမြို့ကြီးများတွင် ရွှေ့ပြောင်းသွားရောက် လုပ်ကိုင်သူများ လည်းရှိကြပါသည်။

## (ခ) မွေးမြူရေးလုပ်ငန်း

ကျေးရွာတွင် ကျွဲ/နွားမွေးမြူထားသည့် အိမ်ထောင်စု (-)အိမ်ထောင်စုရှိပြီး ကျွဲနွားအကောင်ရေ (-)ကောင်၊ကြက်မွေးမြူထားသော အိမ်ထောင်စု (၂၉)စု ရှိပြီး ကြက်အကောင်ရေ (၁၇၇)ကောင်၊ ဝက်မွေးမြူထားသော အိမ်ထောင်စု (၅)စုမှ ဝက်အကောင်ရေ (၇)ကောင်၊ ဘဲမွေးမြူထားသော အိမ်ထောင်စု (၂)စုမှ ဘဲအကောင်အရေ (၂၅)ကောင် ၊အိမ်ထောင်စု (-)စုမှ ဆိတ်အကောင်ရေ (-)ကောင်စသည်ဖြင့် တစ်ပိုင်တစ်နိုင်မွေးမြူရေးကို လုပ်ကိုင်နေကြပါသည်။

## (ဂ) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ

ကျေးရွာတွင် တစ်ပိုင်တစ်နိုင် ဈေးဆိုင်များနှင့် အရောင်းအဝယ်လုပ်ငန်းစသည့် လုပ်ငန်း များကို ဦးစားပေးလုပ်ဆောင်ကြပါသည်။ လက်သမား၊ ပန်းရံ လုပ်ငန်းများလည်း လုပ်ကိုင်ကြသည်။ ကျေးရွာတွင် စိုက်ပျိုးမွေးမြူရေး မဟုတ်သော အသက်မွေးလုပ်ကိုင်နေကြသော မိသားစုဝင်များ သည် အသက်မွေးဝမ်းကျောင်းနည်းပညာ နှင့် အသေးစား အလတ်စား စီးပွားဖွံ့ဖြိုးတိုးတက်မှု ဆိုင်ရာဝန်ဆောင်မှုများ မရှိသဖြင့် အလုပ်နှင့် လိုက်လျောညီထွေဖြစ်သော အတက်ပညာ အလွန်နည်းပါးသဖြင့် အခြားဒေသများသို့ လုပ်ကိုင်သူဦးရေ များပြားသဖြင့် လုပ်သားအင်အား ရှားပါးလာပါသည်။

## (ဃ) ဘဏ်နှင့် ငွေကြေးဆိုင်ရာဝန်ဆောင်မှု

ငွေကြေးရေး ဝန်ဆောင်မှုအနေဖြင့် တောင်သူလယ်သမားများအတွက် လိုအပ်သော ချေးငွေကို နွေးစပါး၊ မိုး စပါးစိုက်ပျိုးနိုင်ရန် မြန်မာ့စီးပွားရေးဘဏ်မှာ တစ်ဧကလျှင် အများဆုံး ကျပ် (၁၅၀၀၀၀၀)မှ အနည်းဆုံး(၅၀၀၀၀၀) နှုန်းထုတ်ချေးပေးပါသည်။ ပုဂ္ဂလိက ငွေစုငွေချေးအဖွဲ့အစည်းအနေဖြင့် သီးခြားမရှိပါ။ ကျေးရွာတွင် ဖွံ့ဖြိုးရေးဆိုင်ရာ ရန်ပုံငွေများ ဖြစ်ကြသော ကျန်းမာရေးရံပုံငွေ၊ ပညာရေးရံပုံငွေများ လည်းရှိပါသည်။ ငွေချေးအဖွဲ့အစည်းများနှင့် ပုဂ္ဂလိကငွေချေးသူများမှ ငွေ(၁၀၀)ကျပ်လျှင် အတိုးနှုန်း( ၃ကျပ် မှ ၂၀ကျပ် )ထိ ရယူကြပြီး ကာလတို ချေးငွေများကိုလည်း ချေးပေးပါသည်။

## ၅။ အခြေခံအဆောက်အအုံနှင့် ဝန်ဆောင်မှုများ

### (က) ကျေးလက်သယ်ယူပို့ဆောင်ရေး

သယ်ယူပို့ဆောင်ရေးအတွက် ရေလမ်းကို အဓိကထားအသုံးပြုရပါသည်။ သယ်ယူပို့ဆောင်ရေးအတွက် ယာဉ်အသုံးချမှုများမှာ ဌားရမ်းအသုံးပြုရပါသည်။ လပွတ္တာမြို့သို့ ဆန်၊ စပါးများ တင်ပို့ ရောင်းချခြင်းအတွက် စက်လှေများကို အသုံးပြုရပါသည်။ လပွတ္တာမြို့သို့ သွားရန်အတွက် စက်လှေများ၊ အခြားခရီးသွားယဉ်လိုင်းများနှင့် သွားရောက်ရပါ သည်။

### (ခ) ကျေးရွာမီးလင်းရေး

ထန်းပင်ကွင်းကျေးရွာသည် မီးလင်းရေးအတွက် မဟာဓါတ်အားလိုင်း မရရှိသောကြောင့် တပိုင်တနိုင် ဆိုလာမီးများ၊ မီးစက်များအား အသုံးပြုကြပါသည်။ ပုဂ္ဂလိကစီးပွားဖြစ် မီးစက်မရှိပါ။ ချက်ပြုတ်ရေး လုပ်ငန်းများကို ထင်းမီးနှင့် မီးသွေးစသည့် လောင်စာများကိုသာ အသုံးပြုရပါသည်။ ကျေးရွာ မီးလင်းရေးအတွက် တပိုင်တနိုင် လမ်းမီးတိုင်များကိုသာ စိုက်ထူထားပြီး ဖြစ်ပါသည်။ ရွာလုံးကျွတ်လျှပ်စစ်မီး အချိန်ပြည့် ရရှိသုံးစွဲနိုင်လျှင် ကျေးရွာ၏ လူမှုရေး၊ စီးပွားရေး၊ ကျန်းမာရေး၊ ပညာရေးအတွက် အဆင်ပြေမည်ဖြစ်ပြီး ကျေးရွာ၏ လူနေမှုအဆင့်အတန်း ယခုထက်ပိုမိုမြင့်မားလာမည် ဖြစ်ပါသည်။

### (ဂ) သတင်းနှင့် ဆက်သွယ်ရေး

ထန်းပင်ကွင်းကျေးရွာတွင် ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်များကို ဖုန်း (၅၅)လုံး၊ရေဒီယို (၁)လုံး၊ တီဗွီ (၂)လုံး၊ စလောင်း (--)လုံး တို့ရှိသည့်အတွက် ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်များဆိုင်ရာ နည်းပညာ ရရှိနိုင်သော ပစ္စည်းများအတွက် အသင့်အတင့် ကောင်းမွန်ပါသည်။

## ၆။ ပညာရေး

ထန်းပင်ကွင်းကျေးရွာ၏ ပညာရေးအဆင့်အတန်းသည် ကျောင်းနေရွယ် ကလေးသူငယ်များ ပညာသင်ကြားနိုင်သည့်အတွက် ပညာရေးအဆင့်အတန်း အသင့်အတင့် ရှိပါသည်။ ကျောင်းသူ/သား (၃၉)ဦး ရှိပါသည်။ အလယ်တန်းနှင့် အထက်တန်း ကျောင်းသား/သူများသည် အလယ်တန်းကျောင်းကျေးရွာ/မြို့သို့ သွားရောက် ပညာသင်ယူကြရပါသည်။ မူလတန်း ကျောင်းသားဦးရေ မှာ ကျား(၁၀)ဦး၊ မ (၁၅)ဦး သာရှိပါသည်။ အလယ်တန်းကျောင်းသားဦးရေမှာ ကျား(၄)ဦး၊ မ(၅)ဦး ရှိပါသည်။ အထက်တန်း

ကျောင်းသားဦးရေမှာ ကျား()ဦး၊ မ(၃)ဦး ရှိပါသည်။ တက္ကသိုလ် တက်ရောက်နေသော ကျောင်းသားဦးရေမှာ ကျား (၁)ဦး ၊ မ (၁)ဦး ရှိပါသည်။

## ၇။ ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး

ထန်းပင်ကွင်းကျေးရွာတွင် ကျေးလက်ကျန်းမာရေးဌာနခွဲ ရှိပါသည်။ အရေးပေါ်လူနာများ အတွက် သုံးမိုင် ကုတင်(၁၀၀)ဆေးရုံကြီးသို့ သွားရောက်ကုသရပါသည်။ ကျေးရွာ၏ ကျန်းမာရေး အခြေအနေမှာ တစ်ခါတစ်ရံ ရာသီဖျားနာခြင်းများ ဖြစ်လေ့ရှိပါသည်။ မိုးရာသီတွင် သွေးလွန်တုပ်ကွေး ရောဂါများ ကို နီးစပ်ရာ ဆေးပေးခန်းများသို့ သွားရောက်ကုသမှု ခံယူရပါသည်။ ကျေးရွာတွင်းရှိ ကလေးများ သည် အဟာရချို့တဲ့မှုမရှိပါ။ အများစုမှာ ကျန်းမာသန်စွမ်းကြပါသည်။ ကျန်းမာရေးအတွက် စိုးရိမ် ဖွယ်ရာမရှိသော ကျေးရွာတစ်ရွာ ဖြစ်ပါသည်။ ထန်းပင်ကွင်း ကျေးရွာသည် အိမ်ထောင်စု (၁၄၆)စုရှိပြီး၊ ယင်လုံအိမ်သာသုံး အိမ်ထောင်စုများ (၃၇)အိမ်ရှိပါသည်။ ယင်လုံအိမ်သာ မရှိသော အိမ်ထောင်စု များသည် မိမိနှင့် နီးစပ်ရာ အခြားအိမ်ထောင်စုပိုင် ယင်လုံအိမ်သာများကို အသုံးပြုကြပါသည်။ ကျေးရွာသည် အိမ်သာနှင့်ပတ်သက်သည့် ကျန်းမာရေးကဏ္ဍများတွင် ဗဟုသုတများ ရှိကြပါသည်။

## ၈။ ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး

ကျေးရွာတွင်နှစ်စဉ်မိုးများသောကြောင့် ရေကြီးနှစ်မြှုပ်မှုများ မရှိပါ။ တခါတရံ မုန်တိုင်းဝင်ရောက်သည့် အခါ ရေလွှမ်းမိုး သဖြင့် ကျေးရွာရှိ လယ်မြေသီးနှံပင်များ ပျက်ဆီးဆုံးရှုံးမှုများ ရှိပါသည်။ တစ်ခါတရံ လေပြင်းတိုက် ခတ်မှုများရှိပါသည်။ ကျေးရွာရှိ တောင်သူများသည် စိုက်ပျိုးမြေများကို ပိုးသတ်ဆေး၊ ဓာတ်မြေဩဇာ၊ အလွန်အကျွံသုံးစွဲခြင်းကြောင့် လယ်ယာမြေများမှာ မြေဆီလွှာ ပျက်ဆီးရပါသည်။ ယခင်ကကျေးရွာသူ/သားများသည် ဘူးခွံ၊ အိတ်၊ အမှိုက်များကို စနစ်တကျစွန့်ပစ်တက်သော အလေ့အထ မရှိသောကြောင့် သဘာဝပတ်ဝန်းကျင် ညစ်နွမ်းရပါသည်။ ယခုအခါ လပွတ္တာမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ လမ်းညွှန်မှုဖြင့် အမှိုက်ကင်းစင် ကျေးရွာစီမံကိန်းအား ထန်းပင်ကွင်းကျေးရွာတွင် အကောင်အထည်ဖော် ဆောင်ရွက်နေသဖြင့် ကျေးရွာတွင်း ပိုမိုသန့်ရှင်းလာပါသည်။

## ၉။ ကျား- မ ရေးရာ ကိစ္စရပ်ဆိုင်ရာ

ထန်းပင်ကွင်းကျေးရွာတွင် လူဦးရေအားဖြင့် အမျိုးသား (၈၈)ဦး၊ အမျိုးသမီး (၉၄)ဦး ရှိပါသည်။ တစ်ရွာလုံးတွင် အလုပ်လုပ်နိုင်သည့် ကျား(၆၅)ဦး မ(၆၂)ဦး ရှိပါသည်။ အလုပ်လုပ်နိုင်သော ဦးရေသည် တစ်ရွာလုံး လူဦးရေး၏ (၆၉.၇၈%)ခန့်ရှိပါသည်။ ကျား/မရေးရာနှင့် ပတ်သက်၍ တန်းတူအခွင့်အရေး ရှိပါသည်။ ဆောက်လုပ်ရေးလုပ်ငန်းများ၊ လယ်ယာစိုက်ပျိုးချိန်၊ ရိတ်သိမ်းချိန်များတွင် နေ့စား၊ ပုတ်ပြတ်နှင့် လပြတ်စသည့် လုပ်သားများ ငှားရမ်းဆောင်ရွက်ကြပါသည်။ တစ်ရက်လျှင် လုပ်အားခမှာ (၅၀၀၀ မှ ၂၀၀၀၀)အထိ ဖြစ်ပါသည်။ အမျိုးသမီးအများစု၏ ဝင်ငွေရ လုပ်ငန်းမှာ အလွန်နည်းပါးပါသည်။ အမျိုးသမီးများသည် အိမ်တွင်းမှု လုပ်ငန်းများဖြစ် သော ထမင်းချက်၊ ရေခပ်၊ ကလေးထိန်းခြင်းစသော ကိစ္စများ ဆောင်ရွက်ကြပါသည်။ လယ်ယာလုပ်ငန်းခွင်တွင် အမျိုးသမီးများသည် ကောက်စိုက်ခြင်း၊ ကောက်ရိတ်ခြင်းများ လုပ်ကိုင်ကြပါသည်။ အမျိုးသားများသည် အမျိုးသမီးများထက် လုပ်အားခ ပိုမိုရရှိပါသည်။

စီမံအုပ်ချုပ်မှုစနစ်တွင် အမျိုးသမီးများသည် အတွေ့အကြုံနည်းပါး၍ ပါဝင်မှုနည်းပြီး အမျိုး သားအများစုကသာ ဦးဆောင်ဦးရွက် အုပ်ချုပ်ကြပါသည်။ ကျေးရွာတွင် လူကုန်ကူးမှု၊ အကြမ်းဖက်မှုများ လုံးဝမရှိပါ။ မူးယစ်ဆေးဝါးသုံးစွဲမှုနှင့် ပတ်သက်၍ အရက်သေစာ သောက်စားခြင်းအနည်းငယ်သာရှိပါသည်။ ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းများတွင် အမျိုးသမီးများသည် တက်ကြွစွာ ပါဝင်လုပ်ဆောင် ကြပါသည်။

## ၁၀။ ထန်းပင်ကွင်းကျေးရွာ ဦးစားပေးဆောင်ရွက်မည့် အဆိုပြု စီမံချက်လုပ်ငန်းများ

| စဉ် | ကဏ္ဍ | ဆောင်ရွက်မည့်ဖွံ့ဖြိုးရေးလုပ်ငန်း | ဦးစားပေးအဆင့် |
|---|---|---|---|
| ၁ | အခြေခံ အဆောက်အဦ | ကွန်ကရစ်လမ်းခင်းခြင်း | ၁ |
| ၂ | အခြေခံ အဆောက်အဦ | ကွန်ကရစ်ရေဆင်းတံတား | ၂ |
| ၃ | အခြေခံ အဆောက်အဦ | ရွာတွင်းကွန်ကရစ်လမ်း အပိုင်း(၂) | ၃ |
| ၄ | အခြေခံ အဆောက်အဦ | ဘက်စုံသုံးခန်းမ | ၄ |
| ၅ | အခြေခံ အဆောက်အဦ | ကျေးရွာစာကြည့်တိုက် | ၅ |

# အပိုင်း (ခ)

# စီမံချက်ဆိုင်ရာ အချက်အလက်များ

## စီမံချက် အဆိုပြုလွှာ (သို့) စီမံချက် အကြောင်းအရာ (၁)

**ကျေးရွာ** **- ထန်းပင်ကွင်း**

**ကျေးရွာအုပ်စု** **- ကြိမ်ကွင်း**

**မြို့နယ်** **- လပွတ္တာ**

**တိုင်းဒေသကြီး/ပြည်နယ်** **- ဧရာဝတီ**

**စီမံချက်အမည် - ကွန်ကရစ်လမ်းခင်းခြင်း (၁၁၁ဝ'x ၆'x ၆")**

**စီမံချက်ဆောင်ရွက်ရန် လိုအပ်ကြောင်း ရှင်းလင်းဖော်ပြချက် (သို့)လက်ရှိအခြေအနေ**

. ယခုလက်ရှိ မြေသားလမ်းမှာ မိုးကြီးသည့်အခါတွင် လမ်းပေါ်ရေကျော်ကာ ဗွက်အိုင်များ ဖြစ်ပေါ်၍ သွားလာရ ခက်ခဲစေပါသည်။

. ကျောင်းသား/သူများ အနေဖြင့် လမ်းတွင် ဗွက်များ၊ ချိုင့်များ ဖြစ်နေသောကြောင့် ကျောင်းသွား/ ကျောင်းပြန် အခက်အခဲများ ရှိပါသည်။

. ထို့အပြင် မိုးတွင်းကာလတွင် လမ်းပန်းဆက်သွယ်ရေး ခက်ခဲသောကြောင့် ကျန်းမာရေးဆိုင်ရာ အရေးပေါ်အခြေအနေ ဖြစ်ပေါ်လာပါက အသက်အန္တရာယ် ရှိပါသည်။

**စီမံချက်ရည်ရွယ်ချက်(လက်ရှိအခြေအနေအား ပိုမိုကောင်းအောင် ဆောင်ရွက်လိုသည့် ဆန္ဒဖော်ပြရန်)**

ရာသီမရွေး သွားလာ၍ လွယ်ကူစေရန်၊ ကုန်စည်စီးဆင်းမှု အဆင်ပြေချောမွေ့ရန်၊ ကျောင်းသား/သူများ အန္တရယ်ကင်းရှင်းစွာ သွားလာနိုင်စေရန်၊

**မျှော်မှန်းအကျိုးရလာဒ် (လက်ငင်းရည်ရွယ်ချက် ရောက်ရှိပြီးနောက် ထပ်ဆင့်ရရှိလာမည့် အကျိုး ကျေးဇူးများ)**

ကွန်ကရစ်လမ်း ခင်းပြီးပါက ရေကျော်မှုများ ကင်းဝေးပြီး ဗွက်များ၊ ချိုင့်များ မရှိသဖြင့် သွားလာမှု အဆင်ပြေလွယ်ကူလာမည်။

. ကျောင်းသား/သူများ ပညာသင်ယူမှုတွင် သွားလာရေး အခက်အခဲများ မရှိသဖြင့် ကျောင်းပျက် နှုန်းနည်းလာပြီး ပညာတက်မြောက်သူဦးရေ များလာမည်။

. ကျန်းမာရေး အရေးပေါ်အခြေအနေများတွင်လည်း လမ်းပန်းဆက်သွယ်ရေးကောင်းမွန်သော ကြောင့် နီးစပ်ရာ ဆေးရုံ၊ ဆေးပေးခန်းများသို့ အချိန်မှီ သွားရောက်နိုင်ပြီး မတော်တဆသေဆုံးမှု များ လျော့ကျလာမည်။

. ထို့အပြင် ရွာတွင်းလမ်းအဆင့်မြှင့်တင်ပြီးပါက နွေရာသီတွင် မီးဘေးအန္တရာယ် ဖြစ်ပေါ်လာပါက လမ်း ကောင်းမွန်နေသောကြောင့် လွယ်ကူစွာအချိန်မှီတားဆီးနိုင်မည်ဖြစ်ပြီး ကျေးရွာထုတ်ကုန်များ

| |
|---|
| ပိုမိုအဆင်ပြေ လွယ်ကူသွားမည် ဖြစ်ပါသည်။ |
| **စီမံချက်ဆိုင်ရာ အချက်အလက်ဖော်ပြခြင်း (ဘာလုပ်မည်၊ ဘယ်လောက် ပမာဏလုပ်ရမည်)**<br>ထန်းပင်ကွင်းကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်း (၁၁၁၀'x ၆'x ၆") |
| **စီမံချက် ကုန်ကျစရိတ်ထည့်ဝင်မှု** |

| **ခန့်မှန်းကုန်ကျစရိတ်(ကျပ်)** | **ထည့်ဝင်မည့် အစီအစဉ်** |
|---|---|
| . ၁၅၀၀၀၀၀၀ိ/ (ငွေသား)<br>. ၃၀၀၀၀၀၀ိ/ (ငွေသား) | . ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန<br>. ကျေးရွာ |

| **အကျိုးခံစားသူဦးရေ** | **လူဦးရေ** | | | **ဆင်းရဲချမ်းသာမှု အဆင့်အတန်း (အိမ်ခြေ)** | | | | |
|---|---|---|---|---|---|---|---|---|
| | **ကျား** | **မ** | **ပေါင်း** | **၁** | **၂** | **၃** | **၄** | **ပေါင်း** |
| **ကျေးရွာအဆင့်** | ၈၈ | ၉၄ | ၁၈၂ | | | | | |
| **အကျိုးခံစားမည့်သူဦးရေ** | ၈၈ | ၉၄ | ၁၈၂ | | | | | |
| မှတ်ချက်၊ ချောင်လည်အဆင့်-၁၊ အလယ်အလတ်အဆင့်-၂၊ ဆင်းရဲ-၃၊ အလွန်ဆင်းရဲ-၄ | | | | | | | | |

**စီမံချက် အကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ**

| |
|---|
| **(၁) တာဝန်ယူအကောင်အထည်ဖော်မည့် အဖွဲ့အစည်း(များ)**<br>. ထန်းပင်ကွင်းကျေးရွာ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းကော်မတီ<br>. မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန |
| **(၂) စီမံချက်စတင်မည့် အချိန်ခန့်မှန်း- ၁၆.၈.၂၀၂၄** |
| **(၃) စီမံချက်ပြီးစီးမည့်အချိန်- ၁၅.၁၂.၂၀၂၄** |
| **(၄) ကျေးရွာထည့်ဝင်မှု ရရှိအောင် ဆောင်ရွက်မည့် အစီအစဉ်-**<br>. ကျေးရွာဖွံ့ဖြိုးရေးကော်မတီမှ ကျေးရွာလုံးကျွတ် အစည်းအဝေးခေါ်ယူပြီး လုပ်ငန်းအစီအစဉ်များကို ပွင့်လင်းစွာ ချပြတိုင်ပင်ဆွေးနွေးပါမည်။<br>. ထန်းပင်ကွင်းကျေးရွာမှ ကျေးရွာသူ/သားများမှ ငွေကြေးကျပ် (၃၀)သိန်းအားပူးပေါင်းထည့်ဝင်ပါမည်။<br>. လိုအပ်ပါက လုပ်အားထည့်ဝင်နိုင်ရေး ကြိုးစားဆောင်ရွက်ပါမည်။ |
| **(၅) လုပ်ငန်းလည်ပတ်ရေး၊ ပြုပြင်ထိန်းသိမ်းရေးတို့အတွက် အဖွဲ့အစည်းဆိုင်ရာနှင့် ငွေကြေးဆိုင်ရာ အစီအစဉ်များ** |

. လုပ်ငန်းများ ကောင်းမွန်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် လုပ်ငန်းအဆင့် အလိုက်ကျေးရွာလူထုအား အစည်းအဝေးခေါ်ယူပြီး ဆွေးနွေးတိုင်ပင်ပါမည်။
. လုပ်ငန်းများ အကောင်အထည်ဖော်ပြီးပါကလည်း လုပ်ငန်းပြီးဆုံးမှု အလွှဲအပြောင်း လုပ်ဆောင် ခြင်းနှင့် ဖွင့်လှစ်ပွဲကို ဆောင်ရွက်ခွင့်ရှိပါက လုပ်ဆောင်ပါမည်။
. စီမံကိန်းလုပ်ငန်းအား ရေရှည်တည့်တံ့ကောင်းမွန်စေရေးအတွက် လိုအပ်သော ပြုပြင်ထိန်းသိမ်း မှုများကို အစီအစဉ်ရေးဆွဲပြီး ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းကော်မတီများ မှ ဦးဆောင်၍ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အကူအညီဖြင့် ဆောင်ရွက်သွားပါမည်၊
. ပြုပြင်ထိန်းသိမ်းရေးအတွက် လိုအပ်မည့် ကုန်ကျစရိတ်များကိုလည်း ကျေးရွာအတွင်းရှိ ရွာသူ/ သားများ၊ လုပ်ငန်းရှင်များထံမှ အလှူငွေ(သို့)စုပေါင်းလုပ်အားဖြင့် ဆောင်ရွက်သွားပါမည်။

# ထန်းပင်ကွင်းကျေးရွာ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းစီမံကိန်းကော်မတီဝင်များစာရင်း

| စဉ် | အမည် | အဘအမည် | မှတ်ပုံတင်အမှတ် | အသက် | တာဝန် | ဖုန်းနံပါတ် |
|---|---|---|---|---|---|---|
| ၁ | ဦးဆန်းဦး | ဦးတင်ငွေ | ၁၄/လပတ(နိုင်)၀၇၆၃၀၁ | | ဥက္ကဋ္ဌ | ၀၉-၆၇၉၈၃၁၃၅၀ |
| ၂ | ဦးမျိုးဝင်း | ဦးအောင်ကြည် | ၁၄/လပတ(နိုင်)၁၅၀၈၃၇ | | အတွင်းရေးမှူး | ၀၉-၆၇၄၄၃၈၄၉၆ |
| ၃ | ဦးဇော်မင်း | ဦးကျော်ရှင်း | ၁၄/လပတ(နိုင်)၁၅၄၀၅၅ | | ဘဏ္ဍာရေးမှူး | ၀၉-၆၈၂၉၈၁၂၁၃ |
| ၄ | ဒေါ်ချိုမာ | ဦးညိုစိမ့် | ၁၄/မမန(နိုင်)၂၃၄၃၄၄ | | စာရင်းကိုင် | ၀၉-၇၇၄၁၅၃၃၆၂ |
| ၅ | ဦးဇော်ဦး | ဦးကျင်မောင် | ၁၄/လပတ(နိုင်)၂၀၉၇၁၁ | | အဖွဲ့ဝင် | ၀၉- |
| ၆ | ဒေါ်ခင်စန်းဦး | ဦးမောင်ထွန်း | ၁၄/လပတ(နိုင်)၀၇၆၂၉၆ | | အဖွဲ့ဝင် | ၀၉-၉၇၇၄၁၈၈၁၂၀ |
| ၇ | ဒေါ်ခင်နှင်းဝေ | ဦးကြည်သိန်း | | | အဖွဲ့ဝင် | ၀၉- |
| | | | | | | |
| | | | | | | |

# ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ

**(၁) ကျေးရွာလူမှုစီးပွားရေးအခြေအနေ**

**(က) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ**

**ဇယား ( ၁) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ**

| အသက်အုပ်စု | | ကျား | မ | စုစုပေါင်း | မသန်စွမ်းသူ အရေအတွက် | |
|---|---|---|---|---|---|---|
| | | | | | ကျား | မ |
| ၁ နှစ် အောက် | နို့စို့အရွယ် | | ၁ | ၁ | | |
| ၁ နှစ်မှ ၄ နှစ် | ၅ နှစ်အောက်ကလေးငယ် | ၅ | ၄ | ၉ | | |
| ၅ နှစ်မှ ၉ နှစ် | မူလတန်းကျောင်းသားအရွယ် | ၇ | ၉ | ၁၆ | | |
| ၁၀ နှစ်မှ ၁၄ နှစ် | အလယ်တန်းကျောင်းသားအရွယ် | ၆ | ၁၀ | ၁၆ | | |
| ၁၅ နှစ်မှ ၆၄ နှစ် | အလုပ်လုပ်နိုင်သည့်အရွယ် | ၆၅ | ၆၂ | ၁၂၇ | | |
| ၆၅ နှစ် နှင့် အထက် | သက်ကြီးရွယ်ကြီး | ၅ | ၈ | ၁၃ | | |
| စုစုပေါင်း | | ၈၈ | ၉၄ | ၁၈၂ | | |
| စုစုပေါင်း အိမ်ထောင်စု | | | | | | |

**ရင်းမြစ်** ... (၁) **အိမ်ထောင်စုစာရင်းကောက်ယူမှု၊** (၂) **ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။**

**မှတ်ချက်။။အသက်အုပ်စု၁နှစ်အောက်ဆိုသည်မှာမွေးကင်းစမှအသက်** (၁) **နှစ်မပြည့်မီအရွယ်** **၊၁နှစ်မှ၄နှစ်ဆိုသည်မှာအသက်** (၁) **နှစ်ပြည့်အရွယ်မှ** (၅) **နှစ်မပြည့်မီအရွယ်၊ ၅နှစ်မှ၉နှစ် ဆိုသည်မှာအသက်** (၅) **နှစ်ပြည့်သည်မှအသက်** (၁၀) **နှစ်မပြည့်မီအရွယ်၊ ၁၀နှစ်မှ၁၄နှစ်ဆိုသည်မှာအသက်** (၁၀) **နှစ်ပြည့်သည်မှအသက်** (၁၅) **နှစ်မပြည့်မီအရွယ်၊ ၁၅နှစ်မှ၆၄နှစ်ဆိုသည်မှာအသက်** (၁၅)**နှစ်ပြည့်သည်မှအသက်** (၆၅) **နှစ်မပြည့်မီအရွယ်၊ အသက်၆၅နှစ်နှင့်အထက်ဆိုသည်မှာအသက်** (၆၅) **နှစ်ပြည့်အရွယ်နှင့် ၎င်းထက် အသက်ကြီးသည့်အရွယ်များကိုဆိုလိုသည်။**

**လေ့လာတွေ့ရှိချက်။** ထန်းပင်ကွင်းကျေးရွာတွင် လူဦးရေအားဖြင့် အသင့်အတင့်ရှိသောကျေးရွာဖြစ်ပြီး ဗမာလူမျိုး၊ ကရင်လူမျိုးများ အများဆုံးနေထိုင်ကြပြီး အခြားလူမျိုးအနည်း ငယ်နေထိုင်ကြပါသည်။ ကျေးရွာတွင် အလုပ်လုပ်နိုင်သည့် (၆၉.၇၈%) ရှိသဖြင့် ကျေးရွာတွင်း ဝမ်းစာဖူလုံးပြီး စီးပွားရေးအသင့်အတင့်ရှိပါသည်။

(ခ) အလုပ်လုပ်နိုင်သူအင်အား

(ခ-၁) လုပ်သားအင်အားနှင့်ဝင်ငွေရလုပ်ငန်းအမျိုးအစား

ဇယား (၂) လုပ်သားအင်အားနှင့်ဝင်ငွေရလုပ်ငန်းအမျိုးအစား

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကိုသေချာစွာဖတ်ပြီးမှန်ရာတစ်ခုကိုသာရွေးရန်။) |
|---|---|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင်လုပ်အား | အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု | ဦးရေ ကျား | ဦးရေ မ | | |
| **စိုက်ပျိုးစီးပွား လုပ်ငန်းများ** | | | | | | | | |
| ၁ | **လယ်ယာစိုက်ပျိုးရေး** | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | ၁၂ | ၁၅ | - | ၅ | ၇ | - | မြင့် ☐ လတ် ☑ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | - | | | မြင့် ☐ လတ် ☑ နိမ့် ☐ |
| ၂ | **တိရစ္ဆာန် မွေးမြူရေး** | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | ၃၆ | ၁၀၈ | | ၇၂ | ၁၂ | ၃ | မြင့် ☐ လတ် ☑ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| ၃ | ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊ မွေးမြူခြင်း) | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| ၄ | **သစ်တောလုပ်ငန်း** | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| **စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ** | | | | | | | | |
| ၅ | **သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း** | | | | | | | |
| | ကိုယ်ပိုင် | | | | | | | မြင့် ☐ လတ် ☐ |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကိုသေချာစွာဖတ်ပြီးမှန်ရာတစ်ခုကိုသာရွေးရန်။) |
|---|---|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင်လုပ်အား | အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု | ဦးရေ | | | |
| | | | | | ကျား | မ | | |
| | လုပ်ငန်း | | | | | | | နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| ၆ | **ထုတ်ကုန်လုပ်ငန်း** | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| ၇ | **လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး** | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| ၈ | **ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း** | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ် ☑ နိမ့် ☐ |
| ၉ | **ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး** | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| ၁၀ | **ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)** | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား | | | | | | | မြင့် ☐ လတ် ☐ |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကိုသေချာစွာဖတ်ပြီးမှန်ရာတစ်ခုကိုသာရွေးရန်။) |
|---|---|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင်လုပ်အား | အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု | ဦးရေ | | | |
| | | | | | ကျား | မ | | |
| | / ဝန်ထမ်း | | | | | | | နိမ့် ☐ |
| ၁၁ | **လက်လီ- လက်ကား ရောင်းဝယ်ရေး** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| ၁၂ | **ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| ၁၃ | **ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| ၁၄ | **ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ် ☑ နိမ့် ☐ |
| ၁၅ | **အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| ၁၆ | **ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ကာကွယ်ရေးနှင့်ဘေးကင်းလုံခြုံရေး)** | | | | | | | |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကိုသေချာစွာဖတ်ပြီးမှန်ရာတစ်ခုကိုသာရွေးရန်။) |
|---|---|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင်လုပ်အား | အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု | ဦးရေ | | | |
| | | | | | ကျား | မ | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| ၁၇ | **ပညာရေး** | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| ၁၈ | **ကျန်းမာရေး** | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| ၁၉ | **လူမှုရေး လုပ်ငန်းများ** | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| ၂၀ | **အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ** | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | ☐ |
| | အလုပ်သမား / ကျပန်း / ရာသီအလိုက်အလုပ်သမား | | | | | | | |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကိုသေချာစွာဖတ်ပြီးမှန်ရာတစ်ခုကိုသာရွေးရန်။) |
|---|---|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင်လုပ်အား | အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု | ဦးရေ | | | |
| | | | | | ကျား | မ | | |
| ၂၁ | **ပြင်ပအဖွဲ့အစည်းများနှင့်ကုမ္ပဏီများတွင်လုပ်ကိုင်သူများ** | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ် ☑ နိမ့် ☐ |
| | **စုစုပေါင်း** | | | | | | | ☒ |

**ရင်းမြစ် …** (၁) **အိမ်ထောင်စုစာရင်းကောက်ယူမှု၊** (၂) **ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။**

**မှတ်ချက်။။“အခြားဝင်ငွေရလုပ်ငန်းအဖြစ် လုပ်ကိုင်သူများ”**အရေအတွက်တွင်**“မိသားစုဝင်လုပ်အား”ထပ်မံထည့်သွင်း**ကောက်ယူခြင်း မပြုရပါ။ **“ရပ်တည်နိုင်မှု (နိမ့်၊လတ်၊မြင့်)”** ဆိုသည်မှာဖော်ပြပါလုပ်ငန်းတစ်ခုတွင်ကိုယ်ပိုင်လုပ်ငန်းလုပ်လိုသူ (သို့မဟုတ်) အလုပ်သမား/ဝန်ထမ်းအဖြစ်လုပ်ကိုင်လိုသူများအတွက်အလုပ်အကိုင်အခွင့်အလမ်းရရှိနိုင်မှုအခြေအနေကိုဆိုလိုပါသည်။ဥပမာ -“**စိုက်ပျိုးရေး”** ကဏ္ဍ ၏ **“ကိုယ်ပိုင်လုပ်ငန်း”**တွင်ရပ်တည်နိုင်မှု **“မြင့်”** ဆိုပါကအဆိုပါလုပ်ငန်းတွင်ကိုယ်ပိုင်လုပ်ငန်းတစ်ခုလုပ်ကိုင်ရန်အခွင့်အလမ်းများနေသည်ဟုဆိုလိုပါသည်။

**လေ့လာတွေ့ရှိချက်။** ထန်းပင်ကွင်းကျေးရွာတွင် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းအား အဓိကလုပ်ကိုင်ပြီး တပိုင်တစ်နိုင်မွေးမြူရေးလုပ်ငန်း၊ ရေလုပ်ငန်းနှင့် နေ့စားလုပ်သားများ အများဆုံးနေထိုင်လုပ်ကိုင်ကြပါသည်။ မိသားစု ဝင်ငွေအနေဖြင့် မိသားစုပိုင်လယ်ယာ ပိုင်ဆိုင်သူများသည် စီးပွားရေးအသင့်အတင့်ရှိပြီး တပိုင်တနိုင်မွေးမြူရေး ရေလုပ်ငန်းနှင့် နေ့စားလုပ်သားများသည် စီးပွားရေး အဆင်ပြေလည်မှု နိမ့်ကျကြောင်း တွေ့ရှိရပါသည်။

**(ခ-၂) လုပ်ငန်းနှင့်ကျား၊မအလိုက်အနည်းဆုံးနှင့်အများဆုံးလုပ်အားခနှုန်းထား**

**ဇယား (၃) လုပ်ငန်းနှင့်ကျား၊မအလိုက်အနည်းဆုံးနှင့်အများဆုံးလုပ်အားခနှုန်းထား**

| စဉ် | အလုပ်အကိုင် | ရေတွက်ပုံ | အများဆုံး (ကျပ်) | | အနည်းဆုံး (ကျပ်) | |
|---|---|---|---|---|---|---|
| | | | ကျား | မ | ကျား | မ |
| ၁ | လယ်ယာစိုက်ပျိုးရေး | နေ့စား | ၁၅၀၀၀ | ၁၅၀၀၀ | ၁၀၀၀၀ | ၁၀၀၀၀ |
| ၂ | တိရစ္ဆာန်မွေးမြူရေး | နေ့စား | ၁၀၀၀၀ | ၁၀၀၀၀ | ၈၀၀၀ | ၈၀၀၀ |
| ၃ | ငါးလုပ်ငန်း (ရေချို/ရေငန်ငါးဖမ်းခြင်း၊မွေးမြူခြင်း) | နေ့စား | ၂၀၀၀၀ | ၂၀၀၀၀ | ၁၀၀၀၀ | ၁၀၀၀၀ |

| စဉ် | အလုပ်အကိုင် | ရေတွက်ပုံ | အများဆုံး (ကျပ်) | | အနည်းဆုံး (ကျပ်) | |
|---|---|---|---|---|---|---|
| | | | ကျား | မ | ကျား | မ |
| ၄ | သတ္တုတူးဖော်ရေး၊ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များထုတ်လုပ်ခြင်း | နေ့စား | ၂၅၀၀၀ | ၂၅၀၀၀ | ၁၅၀၀၀ | ၁၅၀၀၀ |
| ၅ | ထုတ်ကုန်လုပ်ငန်း | နေ့စား | ၁၀၀၀၀ | ၁၀၀၀၀ | ၈၀၀၀ | ၈၀၀၀ |
| ၆ | ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း | နေ့စား | ၃၀၀၀၀ | ၃၀၀၀၀ | ၁၈၀၀၀ | ၁၅၀၀၀ |
| ၇ | ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး | နေ့စား | ၁၀၀၀၀ | ၁၀၀၀၀ | ၈၀၀၀ | ၄၀၀၀ |
| ၈ | လက်လီ-လက်ကား ရောင်းဝယ်ရေး | နေ့စား | ၁၀၀၀၀ | ၁၀၀၀၀ | ၅၀၀၀ | ၄၀၀၀၀ |
| ၉ | ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်း ပေးသူ စသည်) | နေ့စား | ၅၀၀၀၀ | ၅၀၀၀၀ | ၃၀၀၀၀ | ၃၀၀၀၀ |
| ၁၀ | ဟိုတယ်နှင့် စားသောက်ဆိုင် လုပ်ငန်း | နေ့စား | ၃၀၀၀၀ | ၃၀၀၀၀ | ၁၅၀၀၀ | ၁၅၀၀၀ |

**ရင်းမြစ် … ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု၊အမျိုးသမီးအုပ်စု၊လယ်သမားအုပ်စု။**

**မှတ်ချက်(၁) လခစားအလုပ်သမားများ၏တစ်ရက်ဝင်ငွေ** = (**လစာ**÷၂၂.၇၅)

(၂) **နာရီတွက်ဖြင့်ရသောအလုပ်သမားများ၏တစ်ရက်ဝင်ငွေ** = (**တစ်နာရီဝင်ငွေ**×၈)

**လေ့လာတွေ့ရှိချက်။** ကျေးရွာအနေအထားနှင့် နေ့စားလုပ်အားခ နှုန်းထားမှာ သင့်တင့်မျှတသော်လည်း အလုပ်အကိုင်အခွင့်အလမ်းနည်းပါးလာခြင်း၊ ကုန်ဈေးနှုန်းမြင့်တက်လာခြင်းကို တွေ့ရှိရပါသည်။ လယ်ယာစိုက်ပျိုးချိန်နှင့် ရိသိမ်းချိန်တွင် နေ့စား၊ ပုတ်ပြတ်နှင့် လပြတ်လုပ်သားများ ငှားရမ်းလုပ်ကိုင်ကြပါသည်။ အလုပ်အကိုင်အနည်းငယ်သာရှိ၍ အများစုမှ အလုပ်လက်မဲ့ ကျပန်းအလုပ်များ ရှာဖွေလုပ်ကိုင်ကြပါသည်။ အမျိုးသမီးများ၏ ဝင်ငွေမှာ အလွန်နည်းပါးကြောင်းတွေ့ရှိရပါသည်။

**(ဂ) သဘာဝရင်းမြစ်များ**

**(ဂ-၁) စိုက်ပျိုးနိုင်သောမြေဧရိယာ**

**ဇယား (၄) ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု**

| မြေအမျိုးအစား | ဧရိယာ (ဧက) | မြေဆီလွှာအရည်အသွေး(မှန်ရာတစ်ခုကိုသာရွေးရန်) |
|---|---|---|
| **လယ်မြေ** | **(၁၁၅)ဧက** | ကောင်း ☐ သင့် ☑ ညံ့ ☐ |
| **ယာမြေ / တောင်ယာမြေ** | | ကောင်း ☐ သင့် ☑ ညံ့ ☐ |
| **ဥယျာဉ်ခြံမြေ** | **(၁၀)ဧက** | ကောင်း ☐ သင့် ☑ ညံ့ ☐ |
| **ကိုင်း/ကျွန်းမြေ** | | ကောင်း ☐ သင့် ☑ ညံ့ ☐ |

| မြေအမျိုးအစား | ဧရိယာ (ဧက) | မြေဆီလွှာအရည်အသွေး(မှန်ရာတစ်ခုကိုသာရွေးရန်) |
|---|---|---|
| ဓနိတောမြေ | | ကောင်း ☐ သင့် ☐ ညံ့ ☐ |
| စားကျက်မြေ | | ကောင်း ☐ သင့် ☑ ညံ့ ☐ |
| မြေလွတ်မြေလပ် | | ကောင်း ☐ သင့် ☑ ညံ့ ☐ |
| စုစုပေါင်း | | ☒ |

**ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။**

**မှတ်ချက်။။မြေလွတ်မြေလပ်ဆိုသည်မှာ ယခင်ကသီးစားခံယူလုပ်ကိုင်လာခဲ့ပြီးအကြောင်းအမျိုးမျိုးကြောင့်စွန့်လွှတ်ထားသည့်သီးစားခံယူလုပ်ကိုင်သူမရှိသောစိုက်ပျိုးရေး (သို့) မွေးမြူရေးလုပ်ကိုင်နိုင်သည့် မြေနှင့်နိုင်ငံတော်က သီးသန့်လျာထားသတ်မှတ်သည့် မြေများကိုဆိုသည်။**

**လေ့လာတွေ့ရှိချက်။။** ထန်းပင်ကွင်း၏ အဓိက ဝင်ငွေမှာ လယ်ယာစိုက်ပျိုးရေးဖြစ်ပြီး မြေဆီလွှာအရည်အသွေးအားဖြင့် အသင့်အတင့်ရှိသောကျေးရွာဖြစ်၍ လယ်ကေပိုင်ဆိုင်မှုမှာ (၁၁၅)ဧက ရှိပါသည်။ မြေဆီလွှာအရည်အသွေးမှာ စပါးသီးနှံအတွက် သင့်တင့်သော်လည်း အခြားသီးထပ်သီးနှံများ စီးပွားဖြစ်စိုက်ပျိုးခြင်း မရှိပါ။နွေစပါး စိုက်ပျိုး၍ ရနိုင်သော်လည်း စိုက်ပျိုးစရိတ်ကြီးမားမှု၊ ရေချိုလိုအပ်ချက်များကြောင့် အနည်းငယ်စိုက်ပျိုးခြင်းရှိပါသည်။

**(ဂ-၂) ဓာတ်သတ္တုနှင့်အခြားသဘာဝရင်းမြစ်များ**

**ဇယား (၅) ဓာတ်သတ္တုနှင့်အခြားသဘာဝရင်းမြစ်များ**

| အမျိုးအစား | ကျေးရွာနှင့်အနီးပတ်ဝန်းကျင်တွင်သဘာဝအတိုင်းတွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်) | အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်) | လွန်ခဲ့သော(၁၀)နှစ်က အခြေအနေ(မှန်ရာတစ်ခုကိုသာရွေးရန်) |
|---|---|---|---|
| သတ္တုနှင့်အခြားတွင်းထွက်သယံဇာတများ (ဓာတ်ငွေ့၊ရေနံ၊ကျောက်မျက်စသည်။) | များ ☐ သင့် ☐ နည်း ☐ မရှိ ☐ | လွယ် ☐ ခက် ☐ အသုံးမပြုနိုင်ပါ ☐ | လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☐ |
| ကျောက်၊သဲ၊ကျောက်စရစ်စသည်များ | များ ☐ သင့် ☐ နည်း ☑ မရှိ ☐ | လွယ် ☐ ခက် ☑ အသုံးမပြုနိုင်ပါ ☐ | လျော့ ☑ တိုး ☐ အပြောင်းအလဲမရှိ ☐ |
| သဘာဝအပင်မျိုးစိတ်များ (နွားစာ၊ဆေးဘက်ဝင်အပင်များ) | များ ☐ သင့် ☐ နည်း ☐ မရှိ ☐ | လွယ် ☑ ခက ☐ အသုံးမပြုနိုင်ပါ ☐ | လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☑ |
| သဘာဝတိရစ္ဆာန်မျိုးစိတ်များ | များ ☐ သင့် ☐ နည်း ☐ မရှိ ☐ | ☒ | လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☐ |

| အမျိုးအစား | ကျေးရွာနှင့်အနီးပတ်ဝန်းကျင်တွင်သဘာဝအတိုင်းတွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်) | အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်) | လွန်ခဲ့သော(၁၀)နှစ်က အခြေအနေ(မှန်ရာတစ်ခုကိုသာရွေးရန်) |
|---|---|---|---|
| **ရေ - မြေပေါ်ရေ (အင်း၊အိုင်၊ကန်၊ချောင်း၊မြစ်၊စိမ့်စမ်း)** | များ ☐ သင့် ☐ နည်း ☐ မရှိ ☐ | လွယ် ☐ ခက် ☐ အသုံးမပြုနိုင်ပါ ☐ | လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☐ |
| **ရေ - မြေအောက်ရေ (တွင်းတိမ်၊တွင်းနက်၊လက်တူးတွင်း)** | များ ☐ သင့် ☐ နည်း ☐ မရှိ ☐ | လွယ် ☐ ခက် ☐ အသုံးမပြုနိုင်ပါ ☐ | လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☐ |
| **သစ်တော - အပူပိုင်းသစ်တော** | များ ☐ သင့် ☐ နည်း ☐ မရှိ ☐ | လွယ် ☐ ခက် ☐ အသုံးမပြုနိုင်ပါ ☐ | လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☐ |
| **သစ်တော - ဒီရေတောများ** | များ ☐ သင့် ☐ နည်း ☐ မရှိ ☐ | လွယ် ☐ ခက် ☐ အသုံးမပြုနိုင်ပါ ☐ | လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☐ |

**ရင်းမြစ် … ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု၊သစ်တောဦးစီးဌာန၊အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန။**

**လေ့လာတွေ့ရှိချက်။** ထန်းပင်ကွင်းကျေးရွာတွင် သတ္တုနှင့် တွင်းထွက်သယံဇာတများ မရှိသည့်အတွက် ၎င်းတို့နှင့် ပတ်သက်သည့် လုပ်ငန်းများမရှိပါ။ သဲ၊ ကျောက်စရစ်များကို အလွယ်တကူ ဝယ်ယူရရှိနိုင်ပါသည်။ ရှားပါးသဘာဝတိရစ္ဆာန်မျိုးစိတ်များ မတွေ့ရှိပါ။ မြေအောက်ရေ တူးဖော်ရရှိမှု ခက်ခဲပါသည်။ ရေငန်ဒေသဖြစ်သည့်အတွက် သန့်ရှင်းသောမြေအောက်ရေ ရရှိမှုအလွန်နည်း ပါးပါသည်။

**(ဃ) ဥစ္စာဓနအဆင့်အခြေအနေ**

**ဇယား (၆) ဥစ္စာဓနအဆင့်အခြေအနေ**

| **အကြောင်းအရာ** | **သတ်မှတ်စံနှုန်း** | | | |
|---|---|---|---|---|
| | **အဆင်ပြေသော အိမ်ထောင်စု** | **အလယ်အလတ်ရှိသောအိမ်ထောင်စု** | **မပြေလည်သော အိမ်ထောင်စု** | **အလွန်မပြေလည်သော အိမ်ထောင်စု** |
| **မြေယာပိုင်ဆိုင်မှု** | **များ** | **အသင့်အတင့်** | **နည်း** | အလွန်နည်း (သို့) မရှိ |
| **အိမ်အခြေအနေ** | **အလွန်ကောင်း** | **အသင့်အတင့်ကောင်း** | **ညံ့** | **အလွန်ညံ့** |
| **ကုန်ထုတ်လုပ်မှုနှင့်ဆိုင်သောပိုင်ဆိုင်မှု** | **များ** | **အသင့်အတင့်** | **နည်း** | **မရှိ** |
| **အဓိကစီးပွားရေးလုပ်ငန်း** | **စီးပွား (ဝင်ငွေ) အလွန်ကောင်း** | **စီးပွား (ဝင်ငွေ) အသင့်အတင့်** | **စီးပွား (ဝင်ငွေ) နည်း** | **စီးပွား (ဝင်ငွေ) အလွန်နည်း** |
| **အိမ်ထောင်စု** | | | | |

